# “ရေခဲမုန့်နှင့်တူသော စိတ်ကူးများ”

## Of Ice Cream and Dreams

အားလပ်ရက်ဖြစ်သဖြင့် ကျွန်မနှင့် ခင်ပွန်းသည်တို့သည် အခြားမိသားစုတစ်စုနှင့်အတူ အိမ်မှ ၁၆နာရီကြာ မောင်းနှင်ရသော ပင်လယ်ကမ်းခြေအပန်းဖြေစခန်းတစ်ခုသို့ ကားဖြင့်ထွက်ခဲ့ကြပါသည်။ နေမထွက်မီ ခရီးစခဲ့ကြသော်လည်း မွန်းတည့်ချိန်တွင် ခရီးတစ်ဝက်သာ ရောက်ပါသေးသည်။ ကားမှာ အင်ဂျင်ချပြီးကာစဖြစ်ပြီး အင်ဂျင်ပူလာသဖြင့် အဲယားကွန်းကို မဖွင့်နိုင်ခဲ့ပါ။ ခရီးရှည်မောင်းနှင်လာရခြင်းကြောင့် အခြားမိသားစု၏ သားငယ်လေးသုံးဦးမှာ ပင်ပန်းစပြုလာသဖြင့် ခဏရပ်နားရန် ဆုံးဖြတ်လိုက်ကြသည်။

လမ်းဘေးတွင် စားသောက်ဆိုင်တစ်ဆိုင် တွေ့ရသဖြင့် ကားရပ်ကာ လူကြီးများအတွက် ကော်ဖီနှင့် ကလေးများအတွက် ရေခဲမုန့်ဝယ်ခဲ့ကြသည်။ အငယ်ဆုံးကလေး ဂျယ်ရီက သစ်ခွရေခဲမုန့်ကို ချောကလက်အုပ်ထားသော တုတ်ထိုးရေခဲမုန့်ကို ကောက်ယူလိုက်သည်။

“ပေကျံအောင်လုပ်တော့မယ်” ဟု သူ့မိဘတစ်ဦးကပြောသည်။

“ကိစ္စမရှိပါဘူး။ သူကြိုက်တဲ့ ရေခဲမုန့်ပဲ။ စားပါစေ။” ဟု အခြားတစ်ဦးက ပြောလိုက်သည်။

ကျွန်မတို့သည် ဂျယ်ရီနှင့် အပူဒဏ်၏ ပြိုင်ပွဲကို စိတ်ဝင်စားစွာ စောင့်ကြည့်ခဲ့မိသည်။ အပေါ်ယံချောကလက်လွှာမှာ အတော်အတန်မာခဲပုံရသော်လည်း သစ်ခွရေခဲမုန့်မှာမူ တဖြည်းဖြည်း အရည်ပျော်ကာ ဂျယ်ရီ၏ လက်မောင်းမှစီးကျလာကာ အောက်မှခံထားသော ပန်းကန်ပြားကို ပို၍ဖျစ်ညှစ်ကိုင်ထားလေဖြစ်သည်။ နောက်ဆုံးတွင် အပေါ်ယံချောကလက်လွှာသည် ဂျယ်ရီ၏ ဖိညှစ်သည့်ဒဏ်ကို မခံနိုင်တော့ဘဲ ပြုတ်ကျသွားတော့သည်။ ဂျယ်ရီလည်း ရေခဲမုန့်ငတ်သွားတော့သည်။ သူ့မိခင်က သူ့ကိုပွေ့ချီပြီး မျက်ရည်များကို သုတ်ပေးကာ ပေကျံနေသည်များကို ရှင်းလင်းပေးလိုက်သည်။ ထိုနောက် အခြားရေခဲမုန့်တစ်ခုကိုထပ်၍ မှာလိုက်သည်။ သည်တစ်ကြိမ်တွင်မူ တုတ်ထိုးရေခဲမုန့် မဟုတ်တော့ဘဲ ခွက်ကလေးနှင့် ဇွန်းကလေးပါသော ရေခဲမုန့်ဖြစ်သည်။ အမြော်အမြင်ရှိသော ရွေးချယ်မှုဖြစ်သည်ဟု ကျွန်ုပ်တို့လက်ခံလိုက်မိကြသည်။

ကျွန်မတို့ခရီးဆက်လာခဲ့ပြီး မကြာမီကအဖြစ်အပျက်ကို တွေးကြည့်မိသည်။ ထိုအဖြစ်အပျက်က ထူးခြားမှုအသစ်တစ်ခုကို ဖေါ်ပြနေသည်။ ကျွန်မအတွက် သင့်တော်မည့် အိပ်မက် သို့မဟုတ် စိတ်ဆန္ဒတစ်ခုခုကို ကျွန်မ၏ စိတ်ထဲတွင် အကြိမ်မည်မျှ သတ်မှတ်ဆုံးဖြတ်ထားခဲ့ပါသနည်း။ ကျွန်မက အဆိုပါ တစ်ခုခုပေါ်တွင် အလေးပေးသောအခါ ကျွန်မ၏ကိုယ်စောင့်နတ်သားက ဘုရားသခင်အား “အဲဒီကိစ္စကို သူ့ကိုမပေးပါနဲ့။ ရှုတ်ထွေးသွားလိမ့်မယ်”ဟု လျှောက်ထားပြီး ဘုရားသခင်က “သူလိုချင်တာ သူဆုံးဖြတ်ပါစေ။ သူကအရွယ်ရောက်နေပြီပဲ” ဟု ပြန်၍ဖြေကြားသံကို ကျွန်မမြင်ရောင်ကြားရောင်လိုက်မိသည်။ ထို့နောက် ကျွန်မတင်းကျပ်စွာ ဖက်တွယ်ထားသော အိပ်မက်များ အရေပျော်သွားသောအခါ ဘုရားသခင်က ကျွန်ုပ်ကိုပွေ့ချီပြီး မျက်ရည်များကို သုတ်ပေးကာ ကျွန်မစဉ်းစားခဲ့ဖူးသော ကျွန်မနှင့်ပို၍ သင့်တော်လိုက်ဖက်သည့် အရာတစ်ခုကို ပေးလိုက်သည်။ နောက်ဆုံးတွင်မူ သူပေးသောအရာကို ကျွန်မယူလိုက်ပြီး မြည်းစမ်းကြည့်လိုက်ပါသည်။ “ထာဝရဘုရားသည် ကောင်းမြတ်တော်မူသည် အကြောင်းကို မြည်းစမ်း၍ သိမှတ်ကြလော့” (ဆာလံကျမ်း ၃၄း၈)။ နောက်ဆုံးတွင်မူ ကျွန်မနှင့် ကောင်းသောအရာများကို ဖန်ဆင်းသော ဘုရားသခင်သည်သာ ကျွန်မအတွက် အလိုအပ်ဆုံးသော အကောင်းဆုံးအရာကို သိတော်မူမည်မဟုတ်ပါလော။

ထို့ကြောင့် တုတ်ထိုးရေခဲမုန့်ဖြစ်စေ ခွက်နှင့်ရေခဲမုန့်ဖြစ်ပါစေ။ နောက်တစ်ကြိမ်ဆိုလျှင် ဘုရားသခင်၏ ဆုံးဖြတ်ချက်ကိုသာ နာခံပါတော့မည်။

(ဘိုနီတာ ဟီလီ)
(By. Bonita Hele)

# “အကောင်းဆုံးရွေးချယ်မှု”

## God Knows Best

အေဒင်ဥယျာဉ်မှသည် မျက်မှောက်ကာလအထိ ကျွန်ုပ်တို့ ပထမဦးဆုံးနေရာတွင် ရှိနေကြရသော အဓိကအကြောင်းရင်းတစ်ချက်မှာ ဘုရားသခင်၏ လမ်းညွှန်မှုအောက်တွင် ဆုံးဖြတ်ချက်မည်သို့ ချမှတ်ရမည်ကို လေ့လာသင်ယူရန် ဖြစ်ပါသည်။ ဘဝတစ်ခုလုံးသည် ဤနည်းအတိုင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဆုံးဖြတ်ချက်များနှင့် ရွေးချယ်မှုများကို အမြဲတစေပြုလုပ်ကြရပါမည်။ ကျွန်ုပ်တို့သည် သိနေ၊ ချစ်နေပြီး၊ သူ့အားကျေနပ်စေချင်ကာ မှန်ကန်ရာကို လုပ်ကြပါလျှင် သူ့အားရှာဖွေတွေ့ရှိပြီး အဖြေတောင်းရမည့်အကြောင်းရင်းများပင် ဖြစ်ပါသည်။ ထိုအကြောင်းအရင်းများက ကျွန်ုပ်တို့မှန်ကန်သော ဆုံးဖြတ်ချက်ဖြင့် မှန်ကန်သော ဦးတည်ချက်အတိုင်း လျှောက်လှမ်းရာတွင် သူ့အပေါ်မှီခိုအားထားစေပေသည်။

ဘုရားသခင်သည် အကောင်းဆုံးကို သိတော်မူပြီး သင့်အတွက်လည်း ပျက်စီးမှုမရှိသော အကောင်းဆုံးရွေးချယ်မှုကိုသာ ရွေးချယ်ပေးလေ့ရှိပါသည်။ ထို့ကြောင့် သူ့အား ဘယ်လိုလုပ်ပါ၊ ဘာကိုလုပ်ပါဟု ပြောသောအမှားကို မကျူးလွန်မိပါစေနှင့်။ သူ၏အဖြေများကို ရရှိအောင် လေ့လာဆည်းပူးပါ။ ဘုရားသခင်၏ အစီအစဉ်သည်သာ အကောင်းဆုံးဖြစ်ကြောင်း သင်တွေ့ရှိရပါလိမ့်မည်။

(ဒေးဗစ် ဘရန့်တ် ဘာ့ဂ်)
(By. David Brandt Berg)